# မောင်လှမျိုး (ချင်းချောင်းမြို့)

## စုလားဖြင့် ချော့မြူသောနှုတ်ခမ်း



(၁)

**ငါ့အိပ်မက်တွေ**

**ပျက်တော့မယ်...**

**အိပ်ဆေးတစ်လုံးလောက် ပေးစမ်းပါ**

**အနာဂတ်ကို လိုက်ရှာမလို့။**

တနင်္ဂနွေနေ့တိုင်း၊ မိန်းကလေးပေါင်းများစွာကို ငေးကြည့်ဖို့ ကျွန်တော်တို့သူငယ်ချင်းသုံးယောက်၊ ဗိုလ်ချုပ်ဈေးသို့ ရောက်ရှိနေကျ ဖြစ်သည်။

ဖုန်းဝင်းနှင့် ရွှေကိုတို့နှစ်ယောက်ကတော့ ကောင်မလေးတွေကို ငေးကြည့်ရုံသက်သက်ဖြစ်သော်လည်း၊ ကျွန်တော်ကတော့ . . . ငေးကြည့်ခြင်းထက် ပိုမိုစူးစမ်းခဲ့သူဖြစ်သည်။

ခေတ်ဆန်သော ဝတ်စားဆင်ယင်မှု၊ ထိုသို့ ဝတ်စားဆင်ယင်တတ်သော မိန်းကလေး၏ မျက်နှာအမူအရာ၊ ကိုယ်နေဟန်ထား၊ ပြီးတော့ ထိုကောင်မလေးများ၏ စိတ်သဘောထားတို့ကို ခန့်မှန်းလေ့လာနေဖြစ်သည်။

ဘာအကြောင်းကြောင့် အဲဒီလို ခန့်မှန်းလေ့လာနေသလဲ ဟု တစ်ယောက်က မေးမြန်းလာမည်ဆိုလျှင် ကျွန်တော့်မှာ ဖြေရှင်းစရာအကြောင်းကိစ္စတစ်ခုတော့ ရှိနေပါသည်။ သွားရင်းလာရင်း ချစ်သူ

ရည်းစားတစ်ယောက်လောက် ကောက်ရခဲ့လျှင် ထိုကောင်မလေး၏ စိတ်သဘောထားကို ခန့်မှန်းထွင်းမြင်တတ်ချင်သောကြောင့် ဖြစ်၏။

ပွင့်ပွင့်လင်းလင်း ဝန်ခံပါရစေ။

ဒီနေ့ခေတ်၊ ဒီနေ့ကာလမှာ ဘယ်မိန်းကလေးကိုမျှ စိတ်ချလက်ချ ကျွန်တော် မချစ်ဝံ့ပါ။ စိတ်ချလက်ချ ချစ်ဝံ့မိသောသူကို တွေ့များတွေ့ခဲ့လျှင်၊ ထိုချစ်သူ၏ နှလုံးသည်းခြေကို မျက်နှာအမူအရာလေး ကြည့်လိုက်ရုံဖြင့် သိသာထင်ရှားစေလိုသောကြောင့် တခြားကောင်မလေးတွေကို ငေးကြည့်ပြီး . . . သူတို့၏ အကျင့်စရိုက်ကို ကိုယ့်ဘာသာကိုယ် ခန့်မှန်းကာ သူငယ်ချင်းများနှင့် ငြင်းခုံလျက် လေ့ကျင့်တွက်ဆနေခြင်း ဖြစ်လေ၏။

ထို့ကြောင့် တနင်္ဂနွေနေ့လို အခါမျိုးတိုင်းမှာ များသောအားဖြင့် ဗိုလ်ချုပ်ဈေးသို့ ရောက်ရှိနေတတ်ကြခြင်းဖြစ်၏။ ရွှေကိုနှင့် ဖုန်းဝင်းတို့နှစ်ယောက်မှာ ရည်းစားကိုယ်စီရှိကြသည်။ ဒါပေမယ့် သူတို့ရည်းစားတွေကို သူတို့ စိတ်ချလက်ချ မချစ်ခဲ့ကြပါ။

သူငယ်ချင်းနှစ်ယောက်ကို ကြည့်ပြီး၊ ကျွန်တော်လည်း မည်သူ့ကိုမျှ စိတ်ချလက်ချ မချစ်ဝံ့တော့။

အတွဲလို့ခေါ်မလား၊ Girl Friend လို့ ခေါ်မလား၊ အဲဒါမျိုးတော့ ကျွန်တော် ပတ်သက်ခဲ့ရသည်။ ထိုကောင်မလေးများနှင့် သွားလာပျော်ရွှင်နေခဲ့ရခြင်းအတွက် ကျွန်တော် ရင်မခုန်ပါ။ သူတို့ကလည်း ရင်ခုန်ခြင်းကို ဘာသာပြန်ဖြစ်ကြလိမ့်မည် မဟုတ်ချေ။

*

တချို့သော မိန်းကလေးများကို စိတ်ချယုံကြည်မှုမရှိစေရန် တချို့

သော မိန်းကလေးများက ပြုံမူနေထိုင်နေကြလေ၏။ ထိုအခြင်းအရာများစွာကြောင့် မိန်းကလေးနှင့်ပတ်သက်၍ ဘာကိုမျှ ကျွန်တော် စိတ်မချတတ်တော့ပါ။

"ရွှေကို"

"ဘာလဲ"

"ဟိုမှာ . . .။ မြင့်ထွေးရဲ့ရည်းစား၊ ဇာဇာ မဟုတ်လား"

ကျွန်တော် ညွှန်ပြရာဘက်သို့ ရွှေကိုရော ဖုန်းဝင်းပါ လှမ်းကြည့်ကြသည်။

"သူ့ကို ထီးမိုးပေးထားတဲ့ကောင်က မြင့်ထွေးလည်း မဟုတ်ဘူး" ... ဟု၊ ကျွန်တော်က ပြောလိုက်သည်။

သည်းထန်သော မိုးရေစက်များအောက်မှာ ထီးမိုးပေးထားသော ကျွန်တော်တို့နှင့်ရွယ်တူကောင်လေး၏ ခါးကို အဲဒီ ဇာဇာဆိုတဲ့ ကောင်မလေးက သိုင်းဖက်ထားသည်ကို မြင်နေရ၏။

ဖုန်းဝင်းက ထိုမြင်ကွင်းကိုကြည့်ပြီး မျက်နှာမလွှဲဘဲ . . .

"ငပွေမ ဇာဇာ"

"မြင့်ထွေးနဲ့ ပြတ်သွားပြီလား မသိဘူး" ... ဟု ကျွန်တော် ကိုယ့်ဘာသာ မေးပြော ပြောမိသည်။

မြင့်ထွေးဆိုတဲ့သူကို ကျွန်တော်တို့ ခင်ခင်မင်မင် ရင်းရင်းနှီးနှီးမရှိပါ။ ဒါပေမယ့် မြင့်ထွေးနှင့်ဇာဇာတို့ သမီးရည်းစားတွေ ဆိုတာကိုတော့ မနီးမဝေးမှ မထင်မရှား သိကြားခဲ့ကြဖူး၏။

ရွှေကိုက . . .

"မပြတ်သေးဘူးထင်တယ်"

"ပြတ်လည်း ဘာမှခံစားကြရမယ့်သူတွေ မဟုတ်ဘူး။ ငါတို့လိုပေါ့ ကွာ။ ဟဲ ဟဲ"

သစ္စာမဲ့သူကို ချစ်သူတော်စပ်ခဲ့ရခြင်းအတွက် ဆတ်ဆတ်ခါအောင် နာကျင်ပြီး၊ သေလုမျောပါးခံစားရမည့်သူတွေ ရှားပါးခဲ့လေပြီ။

ချင်းစိမ်းနဲ့ မိဿလင်၊ သူကြင်မှကိုယ်ကြင်ဟူသော စကားဟောင်းကို ပြန်လည်မွမ်းမံလျက် သူ သစ္စာမဲ့လျှင် ကိုယ် သစ္စာမဲ့ခဲ့ကြလေပြီ။ မျက်နှာများသူကို အပြစ်တင်ပြောဆိုတတ်ကြသော ဓလေ့၊ အစဉ်အလာသည် မည်သည့်အချိန်က လုံးပါးပါးခဲ့လေပြီ မသိ။

ခေတ်ပေါ်ကောင်မလေးများကို ငေးကြည့်လျက် သူတို့၏စိတ်ထားကို နည်းနည်းပါးပါးတော့ ကျွန်တော် ခန့်မှန်းတတ်ခဲ့၏။

"အခုနေ မင်းရည်းစားကို အဲဒီလို ပုံစံမျိုးနဲ့ တွေ့ရင် မင်း ဘာလုပ်မလဲ ရွှေကို"

ရွှေကိုက ကျွန်တော့်ကို ငဲ့ကြည့်လျက် . . .

"ဘာလုပ်ရမှာလဲ"

"မင်းရည်းစားကို တခြားသူနဲ့ ယှဉ်တွဲပြီးတွေ့တာလေကွာ။ မင်း ဘာမှမလုပ်ဘူးလား။ တစ်ခုခုပေါ့။ ဥပမာ ဘေးကကောင်ကို ဆွဲထိုးတာမျိုး"

"ဟား ဟား . . . ရည်းစားလူလု အူနုကျွဲခတ် ဆိုတာ ဟိုတုန်းကအူတွေက နုလို့ကွ၊ အခုအူတွေက ကြမ်းကုန်ပြီ၊ မဖြုံတော့ဘူး။

မိန်းကလေးတောင် တခြားတစ်ယောက်ကို ရက်ရက်ရောရော တွဲသေးတာပဲ။ ငါက ယောကျ်ားလေးပဲ။ နာစရာလား"

“မင်း ဘယ်လိုမှမခံစားရဘူးပေါ့” . . . ဟု ကျွန်တော် မေးလိုက်သည်။

“ငါလုပ်မယ့်အလုပ်ကို ဒင်းက အရင်လုပ်လေခြင်းလို့ တွေးပြီး ခံစားရမှာပေါ့”

သစ္စာမဲ့ခြင်းအမှုကိုပင် အလျင်ပြုသူက နောက်မှပြုသူကို အနိုင်ပေးတတ်ကြပြီပဲဟု ကျွန်တော် တစ်ကိုယ်တည်း တွေးနေမိပြန်၏။

“မင်းခ”

ဖုန်းဝင်း၏ ခေါ်သံကြောင့် ကျွန်တော် ဖုန်းဝင်းကို လှည့်ကြည့်လိုက်သည်။

ဇာဇာဆိုသော ကောင်မလေးနှင့် သူ၏ကောင်လေးတို့ မိုးရှာနေသော မြင်ကွင်းအောက်မှ ပျောက်ကွယ်သွားလောက်ပေပြီ။

“ဘယ်မိန်းကလေးကိုမှ မယုံနဲ့။

အဲဒါ မင်းကို ငါပေးတဲ့ တစ်သက်တာ လက်ဆောင်စကားပဲ”

“ငါလည်း မယုံပါဘူး။ ဒါပေမယ့် လှေနံဓားထစ်တော့ မသတ်မှတ်ထားချင်ဘူး။ တော်ကြာ သူတို့ မိန်းကလေးတွေကလည်း ငါတို့ယောကျ်ားလေးတွေကို ပြန်ပြောမှာပေါ့။ ဘယ်ယောကျ်ားလေးကိုမှ မယုံနဲ့လို့ သတ်မှတ်ကြတော့မှာပေါ့”

“အဲဒါ သူတို့ရဲ့ အခွင့်အရေးပဲ” . . .ဟု ဖုန်းဝင်းပြော၏။ ကျွန်တော်က . . .

“တစ်ဦးက တစ်ဦးကို မယုံကြည်ကြတာ ဘယ်သူက ဘယ်သူ့ကိုမှ မယုံကြည်ကြတာ၊ ဘာကြောင့်လဲ”

ဖြတ်သန်းသွားနေကြသော မိန်းမလှလေးများကိုပင် မကြည့်နိုင်တော့ဘဲ လေးနက်စွာ ကျွန်တော်မေး၏။

ရွှေကိုက

“မြေကြီးပေါ်မှာ သစ်ပင်စိုက်တယ်၊ စိုက်တဲ့သစ်ပင် မရှင်သန်တာ ဘာကြောင့်လဲ။ ဒီမြေကြီးကြောင့်လည်း ဖြစ်နိုင်တယ်၊ ဒီအပင်ရဲ့ မျိုးစေ့ ဗီဇကြောင့်လည်း ဖြစ်နိုင်တယ်၊ ရာသီဥတုကြောင့်လည်း ဖြစ်နိုင်တယ်၊ ဆိတ်တတ်ဆွတတ်တဲ့ ဘေးပယောဂကြောင့်လည်း ဖြစ်နိုင်တယ်။ အကြောင်းကြောင်းသော အကြောင်းကြောင်းကြောင့်ပေါ့ကွ”

ကျွန်တော် သက်ပြင်းချဖြစ်သည်။

“ငါ ရင်လေးတယ် ရွှေကို”

“ဘာအတွက်လဲ”

“အချစ်အတွက်”

“မင်းက ချစ်သူတွေ့နေပြီလား”

“မဟုတ်ဘူး၊ ငါပြောတာက ဒီနေ့ခေတ်ကောင်မလေးတွေ၊ ကောင်လေးတွေ နှုတ်ဖျားက ပြောပြောနေကြတဲ့ အချစ်အတွက် ရင်လေးတာ၊ ချစ်ခြင်းမေတ္တာအတွက် ငါရင်လေးတာ သူငယ်ချင်း”

ဖုန်းဝင်းက အနီးမှဖြတ်သွားသော ကောင်မလေးတစ်ယောက်၏ လက်ချောင်းများကို ညွှန်ပြကာ ...

“ရင်,မလေးနဲ့ သူငယ်ချင်း၊ ကြိုသိထားလေ ကောင်းလေပဲ၊ တွေ့တယ်မို့လား၊ ဟိုမှာ လက်သည်းဆိုးဆေးတောင် တစ်ရောင်တည်းမဆိုးကြတော့ဘူး။ လက်ချောင်းတစ်ချောင်းကို တစ်ရောင်ဆိုးနေကြပြီ၊ ကာ

လာစုံလက်သည်းပိုင်ရှင်တွေရဲ့ အချစ်က အရောင်စုံ၊ အသွေးစုံ၊ ပုံစံစုံ၊ အမူအရာအစုံအလင်နဲ့ လူတကာကို ခံမင်နေတော့မယ်ဆိုတာ။ ဟုတ်ဟုတ် မဟုတ်ဟုတ် အဲဒီလိုပဲ ကြိုတွေးထားလိုက်ပါကွာ။ ရင်,မလေးပါနဲ့တော့။ အချစ်အတွက် မင်းဘယ်တော့မှ ရင်,မလေးနဲ့ မင်းခ"

ရွှေကိုက

"ဟုတ်တယ်၊ အချစ်ဆိုတာ လူတွေဆီမှာမရှိဘူး။ လူတွေဆီမှာ အချစ်လို့ ထင်ယောင်ထင်မှားဖြစ်စေတဲ့ တပ်မက်ခြင်းတွေပဲ ရှိတယ်။ တကယ်တော့ အချစ်ဆိုတာ လူတွေရဲ့ ဟိုးအပေါ်မှာ နေတယ်ကွ"

"ဒါဆို အချစ်က လသာဆောင်မှာ နေတာပေ့ါ"

ကျွန်တော် ရယ်စရာပြော၏။

"မနှောက်နဲ့မင်းခ"

"အချစ်ဆိုတာ လူတွေထက် မြင့်မြတ်တယ်ကွ။ လူတွေက အချစ်ဆိုတဲ့ ဝေါဟာရကို လက်ဆောင်ပစ္စည်းအဖြစ် လာဘ်ထိုးပြီး တစ်ယောက်ဆီကတစ်ယောက် လိုချင်တာတွေကို ရအောင်ယူနေကြတာပါ"

မိုးသည်းထန်စွာ ရွာ၏။ လေပြင်းပြင်းတိုက်သည်။ ယခုအထိ အရာရာသည် ကျွန်တော့်အဖို့ ချစ်စရာမကောင်းသေး။

*

(၂)

တစ်နေ့တစ်နေ့ အချိန်တွေ အလဟဿကုန်ခန်းနေရတယ်. . .ဟု ကိုယ့်ကိုယ်ကိုယ် တွေးမိသေးသည်။ ဒါပေမယ့် ဘာတတ်နိုင်မှာလဲ။ ကိုယ်မှ အလုပ်မလုပ်ချင်သေးတာ။

ကျွန်တော်ရော၊ ရွှေကိုရော၊ ဖုန်းဝင်းရော၊ ကျောင်းပြန်ဖွင့်ရင် စတုတ္ထနှစ်တက်ရမယ့်သူတွေ။ သုံးယောက်စလုံး တက္ကသိုလ်ကျောင်းသားတွေ၊ တော်တော်များများကတော့ အချိန်ကို အကျိုးရှိရှိ အသုံးပြုကြတဲ့အနေနဲ့ ကုမ္ပဏီတွေမှာ အလုပ်ဝင်လုပ်နေကြသူတွေရှိသလို တချို့ကတော့ ကွန်ပျူတာသင်တန်းတို့၊ ဂျပန်စကားပြောသင်တန်းတို့၊ အင်္ဂလိပ်စကားပြောသင်တန်းတို့၊ မော်ဒယ်သင်တန်းတို့ စသဖြင့် တက်ရောက်လှုပ်ရှားနေကြသူတွေ ရှိနေပါလိမ့်မည်။

ကျွန်တော်တို့သုံးယောက်ကတော့ ဘာကိုစိတ်ဝင်စားရမှန်း မသိလို့ တစ်နေ့တစ်နေ့ ဟိုသွားဒီသွားနဲ့ အချိန်တွေကုန်လွန်ခဲ့ရ၏။ သူများကွန်ပျူတာဆိုလို့ ကိုယ်က လိုက်ပြီး ကွန်ပျူတာလိုက်ရတာမျိုး၊ သူများအင်္ဂလိပ်စကားပြောဆိုလို့ ကိုယ်က ဖုတ်ပူမီးတိုက် လိုက်ပြီး စကားပြောသင်တန်းတွေ တက်ရတာမျိုး၊ သူများက မော်ဒယ်သင်တန်းဆိုလို့ ကိုယ်က လိုက်ပြီး မော်ဒယ်သင်တန်းတက်ရတာမျိုးထက်စာရင် ကိုယ်စိတ်ဝင်စားတာ မတွေ့မချင်း ဘာမှုမလုပ်ဘဲ ဒီအတိုင်း မျက်လုံးဒေါက်ထောက်ကြည့်နေရတာကိုပဲ ကျွန်တော်တို့ ပို၍ စိတ်ချမ်းသာသည်။

လူတွေလုပ်နေသမျှ အရာအားလုံး တတ်ထားသိထားသင့်သည်ကို

တော့ ကျွန်တော်မငြင်းလိုပါ။

ကွန်ပျူတာဆို၍ ကွန်ပျူတာသင်တန်းတွေ၊ ကွန်ပျူတာသင်တန်းဆင်းတွေကို ကျွန်တော်လေ့လာဖြစ်သေးသည်။ အားလုံးကြိုးစားကြပါသည်။ အားလုံးတော်ကြပါသည်။ ကွန်ပျူတာကိုတစ်ဖက်ကမ်းခပ် ကျွမ်းကျင်နေသူများမှလွဲ၍ ကျန်သော သာမန်ကျွမ်းကျင်သူ သင်တန်းဆင်းတွေကတော့ ကုမ္ပဏီတွေမှာ ဒါမှမဟုတ်မြို့လယ်ကောင်က ကွန်ပျူတာခန်းလေးတွေမှာ လက်နှိပ်စက်စာရေးတွေလို လာရောက်အပ်နှံသမျှ စာရွက်စာတန်းတွေကို လက်မလည်အောင် ရိုက်နှိပ်ပေးနေကြရလေသည်။

ကွန်ပျူတာဆိုတာ လက်နှိပ်စက်ရိုက်သလိုပဲဟု ပေါ့ပေါ့တန်တန်တော့ ကျွန်တော် မထင်မြင်ခဲ့ပါ။ ကွန်ပျူတာတက္ကသိုလ်ဆိုတာတောင် ရှိနေပြီပဲ။ ကွန်ပျူတာလေ့လာခြင်း၏ အထွတ်အထိပ်၊ အမြင့်မားဆုံးအရာတွေ များစွာရှိနေသည်ကို ကျွန်တော် မြင်ဖူးတွေ့ဖူးပါသည်။ ဒါပေမယ့်သာမန်စာလုံးတွေ ရိုက်နှိပ်တတ်ရုံ သင်တန်းမျိုးလောက်တက်ပြီးသာမန်လုပ်ငန်းမျိုးမှာသာ အသုံးဝင်ရတာမျိုးကိုတော့ ကျွန်တော် ရင်မခုန်ချင်ပါ။ ထို့ကြောင့် . . .

ကျွန်တော် အချိန်တွေ ဖြုန်းနေဖြစ်ဟန်တူသည်။

*

"ဂျပန်စကားပြောတတ်ရင် ကောင်းမယ်" . . . ဟု ကျွန်တော် ရွှေကိုနှင့် ဖုန်းဝင်းကို အဖော်ညှိဖူးသည်။ ဖုန်းဝင်းက . . .

"ဂျပန်စကားသင်ပြီး ဘာလုပ်မလို့လဲ"

"တတ်ထားတော့ ကောင်းတာပေါ့"

"ဘာလဲ၊ ဂျပန်စကားကျွမ်းကျင်တာနဲ့ ဂျပန်မှာသွားပြီး ပန်းကန်ဆေးမလို့လား"

ဖုန်းဝင်း၏ အားပေးစကားကြောင့် ကျွန်တော်နောက်ဆုတ်ခဲ့ရသည်။

"တရုတ်စကားတက်ရင်ကော၊ အခု တော်တော်များများ တရုတ်စာတွေ သင်နေကြတယ်ကွ၊ အရှေ့တောင်အာရှမှာ ဂျပန်စကားနဲ့ တရုတ်စကား နှစ်မျိုးစလုံးတတ်ထားသင့်တယ်တဲ့"

ဖုန်းဝင်းက

"ဘယ်သူပြောလဲ"

"သင်နေတဲ့သူတွေပြောတာပဲ"

"မသင်တဲ့သူက မပြောဘူးမဟုတ်လား"

"မသင်တဲ့သူကတော့ ဘယ်ပြောမလဲကွ"

"အေး အဲဒါဆို တကယ်မလိုအပ်သေးဘူး။ မသင်တဲ့သူကရော၊ သင်တဲ့သူကရော၊ နေရာတိုင်းမှာရှိတဲ့ လူတိုင်းလူတိုင်းက လိုအပ်တယ်လို့ သတ်မှတ်ရင် အဲဒါ တကယ်လိုအပ်လို့ပဲ။ မင်း မြဲမြဲမှတ်ထား"

ကျွန်တော် ငြိမ်နေလိုက်ရပြန်၏။ ရွှေကိုက . . .

"တရုတ်စကားက နှစ်မျိုးရှိတယ်ကွ"

"မင်း သိလို့လား"

ရွှေကို ခေါင်းညိတ်၏။

"ဘယ်လိုနှစ်မျိုးလဲ"

"တစ်မျိုးက တရုတ်စကားအဖြူ၊ တစ်မျိုးကတော့ တရုတ်စကားအနီ၊ အဖြူကတော့ အပွင့်ကို သုပ်စားလို့ရတယ်၊ အနီကတော့ အခေါက်ကို သွေးပြီးလိမ်းရင် ဝက်ခြံပျောက်တယ်လို့ ပြောကြတာပဲ"

ဖုန်းဝင်း တဟားဟားရယ်မော၏။ ကျွန်တော်ပါ ရယ်လိုက်ရသည်။ အရယ်ရပ်လျှက် ဖုန်းဝင်းက . . .

"မင်းခ၊ ငါတို့ မော်ဒယ်သင်တန်းတက်ရင် ကောင်းမယ်"

"ဘာလို့ တက်ရမှာလဲ"

"ခေတ်မီသူတိုင်း မော်ဒယ်သင်တန်း တက်ကြသည် ... တဲ့"

"ခေတ်မမီရင် နေပေ့စေ၊ မော်ဒယ်သင်တန်း တက်မယ့်အစား

လက်ဖွေ့ကြိုးဝိုင်းထဲဝင်ပြီး လက်ဖွေ့ထိုးပစ်လိုက်ချင်တယ်"

"မော်ဒယ်ဆိုတာ ဘာလဲ၊ မင်းသိလား" . . . ဟု ရွှေကို မေးသည်။

ကျွန်တော်က . . .

"မသိဘူး"

"မသိရင် မှတ်ထား၊ လမ်းလျှောက်ရင် မော်မော်မော်မော်နဲ့လျှောက်ပြီး ဒယ်အိုးလို ဂါဝန်တွေ ဝတ်တတ်ကြလို့ မော်ဒယ်လို့ခေါ်တာ"

"ပေါက်ကရပြောတဲ့နေရာမှာ မင်း တော်တော် တော်တဲ့ကောင်ပဲ။ ပေါက်ကရစကားပြောသင်တန်း မင်းဖွင့်ဖို့ကောင်းတယ်"

"ဟော့ကောင် တီးတိုးပြော၊ တော်ကြာ သူများကြားသွားလို့ ပေါက်ကရအေဂျင်စီတွေ ပေါ်လာဦးမယ်၊ ပြီးရင် ပေါက်ကရအေဂျင်စီ သင်တန်းသားတွေများလာဦးမယ်။ အခုခေတ်က သင်တန်းဆိုတာနဲ့ မလွတ်တမ်း တက်ကြတဲ့ခေတ်ကွ။ ပေါက်ကရစကားပြောသင်တန်းဖွင့်

ရင်လည်း အဲဒီသင်တန်းကို တက်မယ့်သူတွေရှိလာဦးမှာ အမှန်ပဲ”

ပြောပြီး ရွှေကိုက သူ့စကားကို သူ့ဘာသာ သဘောကျကာ တဟား ဟားရယ်မောလေ၏။

ဤသို့ဖြင့် ကျွန်တော်တို့ အချိန်တွေဖြုန်းတီးနေဖြစ်ကြလေသည်။

*

(၃)

နိုက်ကလပ်တစ်ခုတွင် ကျွန်တော်တို့သုံးယောက် အဖွဲ့ဝင်ကတ်ပြား တစ်ခု လုပ်ထားသည်။ ညတိုင်းလိုလိုတော့ ထိုနေရာသို့ မသွားဖြစ်ကြ။

မှုံးမှုံးရှုံးရှုံး ရမ်းရမ်းကားကားတွေ သိပ်မရှိလှသော်လည်း ထိုနေရာ တွင် ရင်ခုန်သံတွေပျက်ပြားနေတတ်၏။

မီးအလင်းရောင် မှုန်မှုန်မွှားမွှားအောက်၌ တီးလုံးသံများနှင့်အပြိုင် ကခုန်နေကြသူများထဲတွင် ရွှေကိုနှင့် ဖုန်းဝင်းတို့လည်း ဝင်ရောက် ကခုန်နေကြ၏။ ကျွန်တော်ကတော့ ထိုနေရာ၏ခပ်လှမ်းလှမ်းရှိ စားပွဲ တစ်ခုတွင် စီးကရက်သောက်နေဖြစ်သည်။

အခြားစားပွဲဝိုင်းများတွင်လည်း ကျွန်တော်ကဲ့သို့ ငြိမ်ငြိမ်သက်သက် ထိုင်နေသူတွေ ရှိကြသည်။ တချို့ကတော့ အတွဲလေးတွေနှင့်ဖြစ်ပြီး တချို့ကတော့ သူငယ်ချင်းအပေါင်းအဖော်တွေနှင့် ဖြစ်သည်။ ကျွန်တော် ထိုင်နေရာ စားပွဲပေါ်တွင် အချိုရည်ဘူးနှင့် စီးကရက်ဘူးသုံးဘူးမှအပ ဘီယာဘူးတွေမရှိ။ အရက်ပုလင်းတွေမရှိ။

ကျွန်တော့်အနီးသို့ ရွှေကိုနှင့် ဖုန်းဝင်းတို့ ရောက်လာကြ၏။ ကောင်မလေးတစ်ယောက်လည်း ပါလာသည်။ မှုန်မွှားမွှား မီးရောင် အောက်မှာဖြစ်သော်လည်း မိန်းကလေးတစ်ယောက်ဟုကျွန်တော်သိ၏။ ရွှေကိုက အချိုရည်ဘူးကို ဖောက်သောက်ပြီး . . .

“မင်းခ မင်းနဲ့တွဲကချင်လို့တဲ့”

ဖုန်းဝင်းက သောက်လက်စ အချိုရည်ဘူးကို စားပွဲပေါ်မှာ ပြန်တင်လိုက်ပြီး . . .

"ဟဲ့ မြတ်နိုး၊ နင့်ဘာသာစည်းရုံး၊ ငါတို့ သွားကတော့မယ်"

ရွှေကို့ကိုခေါ်လျက် ဖုန်းဝင်းက ကခုန်ရာနေရာသို့ ပြန်သွားကြပြန်သည်။ မြတ်နိုးဆိုသောကောင်မလေးက ကျွန်တော့်နံဘေးတွင် စွေ့ခနဲ ဝင်ထိုင်လိုက်၏။

"နင် မကဘူးလား"

ကျွန်တော် ခေါင်းခါပြလိုက်သည်။

"ငါ နင်နဲ့ ကချင်လို့ဟ။ ဒီနေ့ ငါနဲ့ တွဲကဖို့ အဖော်မရှိဘူး။ နင် ဒီနေ့ မကဘူးလား။"

"မကဘူး"

"တခြားနေ့တွေရော"

"ကတယ်။ ဒါပေမယ့် ငါ ကနေတဲ့အနားကို မိန်းကလေးတစ်ယောက်ယောက် ရောက်လာရင် ငါဆက်မကတော့ဘူး။ ဒီမှာပဲလာထိုင်နေတတ်တယ်။ ပြီးတော့ မျက်စိသိပ်နောက်နေရင်လည်း ငါ ဒီမှာပဲ လာထိုင်နေတတ်တယ်"

တီးလုံးသံက ဆူညံနေသော်လည်း စကားသံကို မဖုံးလွှမ်း။

"အခုရော ငါနဲ့ မကဘူးလား"

"နင်က ဗညားရဲ့ ရည်းစားမဟုတ်လား"

"ဟုတ်တယ်လေ"

"ကိုယ့်ရည်းစားနဲ့ကိုယ် တွဲပေ့ါဟ"

“ဒီနေ့ သူမလာဘူး”

“သူ မလာရင် နင်လည်း မလာနဲ့ပေါ့”

“သူ မလာပေမယ့် ငါ့သူငယ်ချင်းတွေ လာတယ်။ အဲဒါ တစ်ယောက်တည်း ဘက်ပဲ့နေလို့၊ တခြားကောင်တွေနဲ့ တွဲမက,ချင်လို့”

ကျွန်တော် မဲ့ခနဲ ပြုံးဖြစ်သည်။

“ငါနဲ့ တွဲက,လို့ နင့်ရည်းစားတွေ့သွားရင် နင် ဘယ်လိုလုပ်မလဲ”

“တွေ့တော့ဘာဖြစ်လဲ၊ ဘာမှမဖြစ်ဘူး၊ ဒီလိုပဲ က,နေကျပဲ”

“ဗညားက သဝန်မတိုဘူးလား”

“အပျော်က,တာပဲ ဘာဖြစ်လို့ သဝန်တိုရမှာလဲ၊ သူလည်း တခြား ကောင်မလေးတွေနဲ့ တွဲက,နေကျပဲ”

“ဆိုးတယ်”

“ဘာ”

“ဆိုးတယ်လို့ပြောတာ”

စီးကရက်အသစ်တစ်လိပ်ကို ကျွန်တော် မီးညှိဖွာရှိုက်လိုက်သည်။

“ဘာ ဆိုးတာလဲ”

“မသိဘူး၊ မြင်ရကြားရတာ ဆိုးတယ် ဆိုတာတော့ ငါသိတယ်၊ ငါ့မှာ သာ ရည်းစားရှိရင် ငါ့ရည်းစား သူများနဲ့တွဲက,တာကို ငါလက်ခံမှာ မဟုတ်ဘူး။ တွဲက,တဲ့ကောင်ကို ဆွဲထိုးရင် ထိုးမိမယ်၊ ဒါမှမဟုတ် ငါ့ ရည်းစားကို ငါ ပါးရိုက်မိမှာ အမှန်ပဲ”

“ဟဲ့ . . . နိုက်ကလပ်ထဲမှာ အဲဒီလိုစိတ်မျိုး မထားရဘူး။ ရန်ဖြစ်

တတ်တယ်။ ဒီနေရာက လွတ်လွတ်လပ်လပ် ပျော်ရွှင် က,ခုန်တဲ့ နေရာလေ။ သဝန်တိုတတ်တဲ့သူတွေ မလာသင့်ဘူး”

စီးကရက်မီးခိုးများကို မှုတ်ထုတ်ကာ ကျွန်တော် တဟားဟား ရယ်မောပစ်လိုက်သည်။

“နိုက်ကလပ်ရဲ့ အဝင်ဝမှာ စာတန်းတစ်ခု ချိတ်ထားသင့်တယ်”

“ဘာစာတန်းလဲ”

“အသည်းနှလုံးရှိသူများ မဝင်ရလို့”

ကျွန်တော် တဟားဟား ရယ်မိပြန်သည်။ မြတ်နိုးဆိုတဲ့ ကောင်မလေးက ကျွန်တော့်ကို အရူးတစ်ယောက်အား ကြည့်မြင်သော မျက်လုံးမျိုးတွေဖြင့် ကြည့်နေရှာ၏။

“ဘာဖြစ်လို့ အဲဒီစာတန်း ချိတ်ရမှာလဲ”

“ငါ နင့်ကို ရှင်းမပြတတ်ဘူးဟ။ ဒါပေမယ့် ဒီအထဲကိုဝင်လာပြီး မိန်းကလေးပဲဖြစ်ဖြစ်၊ ယောကျ်ားလေးပဲဖြစ်ဖြစ် သူငယ်ချင်းတွေနဲ့တွဲ က,ချင်က၊ မက,ချင်ရင် တစ်ယောက်တည်းထိုင်နေ။ အဲဒီလိုမှ မဟုတ်ဘဲ၊ မိန်းကလေးက ယောကျ်ားလေးကို တွဲ၊ ယောကျ်ားလေးက မိန်းကလေးကိုတွဲပြီး ကကြခုန်ကြ ရင်းနှီးကြမယ်ဆိုရင် အဲဒီသူတွေဟာ သူတို့ရဲ့ အသည်းနှလုံးတွေကို အပြင်မှာထားခဲ့သင့်တယ်”

“နင့်နာမည် ဘယ်သူလဲ”

“မင်းခ”

“နင်ပြောတာကို ငါနားမလည်ဘူးဟ”

မြတ်နိုးဆိုသော ကောင်မလေး၏အမြင်တွင် ကျွန်တော်သည် သနား

စရာလူတစ်ယောက် ဖြစ်နေလေသလား။ ဒါမှမဟုတ် ကျွန်တော့်အမြင်တွင် အဲဒီကောင်မလေးဟာ သနားစရာသတ္တဝါလေး ဖြစ်နေသလားဆိုတာကို ကျွန်တော် ရေရေရာရာ မတွေးနိုင်သေး။

"နင့်မှာ ရည်းစားဘယ်နှစ်ယောက်ရှိလဲ"

"ဗညားတစ်ယောက်တည်းပဲ ဆိုပါတော့၊ သူနဲ့မတွေ့ဖြစ်ရင်တော့ တခြားသူတွေနဲ့ တွဲဖြစ်တာပေါ့"

"ဒါဆို ရည်းစားတွေ အများကြီး ထားဖူးတာပေါ့"

"အင်း. . . ဆိုပါတော့။ ဘာဖြစ်လို့လဲ"

"မေးစရာရှိလို့"

"ဘာမေးမှာလဲ"

"အချစ်ဆိုတာ ဘာလဲ"

"ဟင်"

"အချစ်ဆိုတာ ဘာလဲ"

အချိန်ကြာကြာပင် မစဉ်းစားဘဲ ချက်ချင်းအဖြေပေး၏။

"မသိဘူး"

သူ့အဖြေစကားကြောင့် ကျွန်တော် တဟားဟား ရယ်မိပြန်ပါသည်။

"ဘာရယ်တာလဲ၊ မသိလို့မသိဘူး ပြောတာနော်။ မလှောင်နဲ့"

"လှောင်တာမဟုတ်ပါဘူး၊ သဘောကျလို့။ မသိတာကို မသိတဲ့အတိုင်း အိုက်တင်ခံပြီး စကားလုံးလေး ဘာလေးတောင် မရွေးဘဲ ချက်ချင်းဖြေလိုက်တာကို သဘောကျလို့ ရယ်တာပါ"

မျက်ခုံးပါးပါးလေး တွန့်သွား၏။

"အချစ်ဆိုတာကို မသိဘဲ ဘာဖြစ်လို့ ရည်းစားတွေထားရတာလဲ။ ရည်းစားတွေထားခဲ့ပြီး ဘာကြောင့် အချစ်ဆိုတာကို မသိရတာလဲ"

"ငါ့တစ်ယောက်တည်းကို မမေးနဲ့၊ ဒီမှာ ကနေတဲ့ ကောင်မလေးတွေ အကုန်လုံးကို သွားမေး။ သူတို့အားလုံး မသိဘူးလို့ပဲ ဖြေလိမ့်မယ်"

"ဟာ အဲဒီလောက်တောင် အခြေအနေဆိုးနေကြပြီလား"

ထိုမေးခွန်းကိုပင် သူ နားရှင်းလိမ့်မည်မဟုတ်ဟု ကျွန်တော် သိနေ၏။

"အချစ်ဆိုတာကို မသိဘဲနဲ့ ချစ်သူရည်းစားတွေ ထားနေတာဟာ ကမ္ဘာပေါ်မှာနေပြီး ကမ္ဘာမြေကြီးအကြောင်း မသိတဲ့လူတွေထက် ပိုဆိုးတယ်နော်"

"နင် ငါနဲ့ တွဲကမှာလား။ မကဘူးလား"

ကျွန်တော် ခေါင်းရမ်းပြလိုက်သည်။

"အဲဒါဆို ငါ တခြားတစ်ယောက်ယောက်နဲ့ သွားက,လိုက်ဦးမယ်။ ငါ နင့်ကို ခင်တော့ခင်မိတယ်ဟ။ ဒါပေမယ့် နင့်လိုလူမျိုးက ဒီလိုနေရာမျိုးကိုမလာသင့်ဘူး။ အဲ့ဒါ နင့်ကို ခင်လို့ပြောတာ"

"ကျေးဇူးပဲ"

နံဘေးမှ ထွက်ခွာကွယ်ပျောက်သွားသည်။ ကျွန်တော် စီးကရက်ကို ဖွာရှိုက်လိုက်၏။

အသက်ရှူကျပ်နေသည်။

*

နိုက်ကလပ်မှ အပြန်တွင် ညဆယ့်တစ်နာရီထိုးနေပေပြီ။ ရွှေကိုနှင့် ဖုန်းဝင်းက သူတို့ဆိုင်ကယ်တွေကို စက်နှိုးဖို့ ပြင်နေကြ၏။ ကျွန်တော်က ကျွန်တော့်ဆိုင်ကယ်ကို သူတို့အနီးသို့တွန်းရွှေ့ပြီး . . .

"မင်းတို့ အိမ်ပြန်ချင်ပြီလား"

"ပြန်မယ်လေ" . . . ဟု ရွှေကိုပြော၏။

"ငါ ပြောစရာရှိလို့"

"ဘာပြောမှာလဲ"

ဖုန်းဝင်းက . . .

"မင်း မြတ်နိုးနဲ့ ဘာလို့ တွဲမကတာလဲ၊ သူနဲ့ တွဲက,ချင်တဲ့ကောင်တွေ တစ်ပုံကြီးပဲ"

"မက,ချင်လို့၊ သူနဲ့တင်မဟုတ်ဘူး၊ ဘယ်သူနဲ့မှ မက,ချင်ဘူး"

"မြတ်နိုးက ပြောတယ်။ နိုက်ကလပ်ထဲကို ဘုရားဒကာတွေ ခေါ်မလာပါနဲ့တဲ့။ မင်း သူ့ကို ဘာပြောလိုက်လို့လဲ"

"ထွေထွေထူးထူး ဘာမှမပြောပါဘူး။ ဒီကလပ်တက်တဲ့ကိစ္စနဲ့ ပတ်သက်ပြီး မင်းတို့ကို ငါပြောစရာရှိတယ်"

ရွှေကိုက . . .

"ကဲ. . . ပြောစရာရှိရင်လည်း အိမ်မပြန်သေးဘူး။ တရုတ်တန်းဘက် သွားမယ်။ အဲဒီမှာ ထမင်းကြော် စားမယ်။ ထမင်းကြော်စားရင်း ပြော"

ရွှေကိုက ဆိုင်ကယ်စက်နှိုး၏။ ကျွန်တော်လည်း ဆိုင်ကယ်ကို ခွ လိုက်ရသည်။ နိုက်ကလပ်၏ အဝင်ဝသို့ နောက်ဆုံးငဲ့ကြည့်ပြီး ကျွန်တော် ဆိုင်ကယ်ကို စက်နှိုးလိုက်၏။

*

ပလက်ဖောင်းပေါ်တွင် ဖွင့်လှစ်ရောင်းချသော ဆိုင်ဖြစ်သော်လည်း စည်စည်ကားကား ရှိလှသည်။ မှာကြားထားသော ထမင်းကြော်တွေ ရောက်မလာသေး။ စားပွဲသေးသေးပေါ်တွင် ရေနွေးကရား တစ်ကရား တော့ ရှိနေသည်။ ရေနွေးပန်းကန်အတွင်းသို့ ကျွန်တော်ရေနွေးငှဲ့သည်။

ရွှေကိုက . . .

"ဘာပြောစရာရှိတာလဲ မင်းက"

"ငါတို့ ကလပ်မတက်တော့ရင် ကောင်းမယ်"

ဖုန်းဝင်းက . . .

"ဟာ. . .ဘာဖြစ်လို့လဲ၊ မြတ်နိုးနဲ့ တစ်ခုခုဖြစ်ခဲ့လို့လား။ စကားများခဲ့လို့လား"

"မဟုတ်ပါဘူး၊ ငါ့စိတ်ထဲမှာ အဲဒီနေရာကြီးကို မသွားချင်တော့လို့။ မင်းတို့ကိုလည်း မသွားစေချင်တော့ဘူး"

"ဘာဖြစ်လို့လဲ။ ပြောပါဦး" . . . ဟု ရွှေကိုက ဂရုစိုက်မေးသည်။

"ယဉ်ကျေးမှုအရပဲ ကြည့်ကြည့်၊ ချစ်ခြင်းမေတ္တာအရပဲ ကြည့်ကြည့်၊ အဲဒီနေရာမှာ အဲဒီနှစ်ခုလုံး ပျက်ပြားနေတယ်ကွ"

ဖုန်းဝင်းကပြုံးလျက် . . .

"မင်းက ခံစားနေပြန်ပြီကွာ။ ငါတို့လည်း မင်းတွေးသလောက်တော့ တွေးပါတယ်ကွ။ ဒါပေမယ့် ပျင်းလို့သွားတာပဲ။ အနေအထိုင်တွေ မရောနှောရင် ပြီးတာပဲ။ လူက ရောရင်တောင် စိတ်ကမရောအောင်နေခဲ့တာပဲ"

“မင်းတို့နှစ်ယောက်စလုံးကို မဟုတ်မဟတ်တွေနဲ့ စိတ်ရော ကိုယ်ရော ကြုံသွားမှာ ငါစိုးရိမ်တယ်”

ရွှေဝင်းက . . .

“မင်းကိုယ်မင်း မစိုးရိမ်ဘူးပေါ့”

“မစိုးရိမ်ဘူး”

မြတ်နိုးနှင့် ပြောခဲ့ဆိုခဲ့သမျှကို ကျွန်တော် ပြန်ပြောပြသည်။

“အဲဒါမျိုး ငါတို့ ခဏခဏကြုံနေတာပဲ။ ငါတို့ ဘာဖြစ်လို့လဲ. . .” ဟု ရွှေကို ပြော၏။ ကျွန်တော်က . . .

“ကြုံပါများပြီး ကြိုက်သွားမှာစိုးလို့ပေါ့ကွ”

စီးကရက်တစ်လိပ်ကို ကျွန်တော် မီးညှိသည်။ ရွှေကိုနှင့် ဖုန်းဝင်းကလည်း စီးကရက်တစ်လိပ်စီယူကြ၏။ ဖုန်းဝင်းက စီးကရက်မီးခိုးတွေကို မှုတ်ထုတ်ပြီး . . .

“ကြုံပါများရင် ကြိုက်တတ်တယ်လို့ မင်း ယူဆလို့လား”

“သစ်ငုတ်တောင် တိုက်ပါများရင် လှုပ်သေးတာပဲ။ မင်းတို့က ပုထုဇဉ်လူတွေ။ မထင်မှတ်ဘဲ မှားသွားမှာစိုးလို့”

ဖုန်းဝင်းကပြုံးလျက် . . .

“အဲဒါကြောင့် မင်းကို မြတ်နိုးက ဘုရားဒကာလို့ ပြောလိုက်တာ”

“ဘာတွေကို ဘယ်လိုပဲကြုံကြုံ၊ ကိုယ်ကောင်းရင် ခေါင်းဘယ်မှမရွေ့ပါဘူး။ ငါတို့လည်း မိန်းကလေးတွေအကြောင်း သိနေတာပဲဟာ”

ရွှေကို့စကားအဆုံးတွင် လက်ထဲမှစီးကရက်ကို သူ့ရှေ့သို့ ကျွန်တော် တိုးကိုင်လိုက်၏။

“စီးကရက်ကို ငါတို့ စသောက်သောက်ချင်းတုန်းက ဘယ်လိုနေသလဲလို့ သိချင်လို့သောက်တာ နောက်တော့ ကြိုက်လို့သောက်တာ။ အခုတော့ ခဏခဏကြိုက်လို့ ခဏခဏသောက်ဖြစ်တယ်။ ကျန်းမာရေးထိခိုက်တယ်ဆိုတာ သိနေပါလျက် ဆက်သောက်ဖြစ်နေကြတယ်။ အခု ကိုယ့်ကိုယ်ကိုယ် ပြန်မေးကြည့်၊ ကြိုက်လို့ ကြိုက်နေတာလား။ ကြိုက်နေလို့ ကြိုက်နေကြတာလားဆိုတာ မသဲကွဲတော့ဘူး။ ဖြတ်မယ်ဆိုရင်တောင် အချိန်ယူရလိမ့်မယ်”

“ကဲ… အဲဒီဥပမာကို တိတိကျကျ ရှင်းပြကွာ။ ငါ စိတ်ဝင်စားတယ်”

ရွှေကိုက စီးကရက်ကို မီးညှိပြီးပြော၏။

“ကလပ်မှာ ကောင်မလေးတွေနဲ့ ကြိုက်လို့တွဲက မကြိုက်ရင်ကိုယ့်ဘာသာက။ ကြိုက်တာမတွေ့ခင်အထိ ဘာမှမဖြစ်နိုင်ဘူး။ ကြိုက်လို့ က,နေရင်းကနေ ကြိုက်ပါများလို့ ကြိုက်တာတွေ့သွားတဲ့အခါ မင်းတို့ ဘယ်လိုလုပ်မလဲ”

“ငါတို့မှ ကြိုက်တာနဲ့မကြိုက်သေးတာ” . . .ဟု ဖုန်းဝင်း ပြောသည်။

“အန္တရာယ်ကို ကြိုတင်ကာကွယ်စေချင်လို့ ငါ ပြောတာပါကွာ။ ကလပ်ဆင်းတဲ့အခါ သူ့အိမ်သူပြန်၊ ကိုယ့်အိမ်ကိုယ်ပြန်။ ဘာမှမဖြစ်ဘူး။ ဘာမှ မခံစားရဘူး။ ဒါပေမယ့် သတိထားကြည့်ရင် မင်းတို့မြင်လိမ့်မယ်။ ရင်နင့်အောင်ခံစားရတဲ့ မြင်ကွင်းတွေက အများကြီးပဲ။ ငါတို့ကလပ်က ကောင်မလေးတွေကို တခြားအမျိုးအမည်မသိတဲ့သူတွေ အိမ်အပြန် ခေါ်သွားတာမျိုးကို ငါမြင်ရတဲ့အခါ နှမသားချင်းတွေကို သူတစ်ပါးကို ပေးလိုက်ရသလိုပဲ။ ငါခံစားရတယ်။ ယဉ်ကျေးမှုအရပဲဖြစ်ဖြစ်၊ မျိုးချစ်စိတ်အရပဲဖြစ်ဖြစ်၊ အဲဒီကို ငါမသွားချင်တာ အမှန်ပဲ”

ရွှေကို မျက်နှာတည်သွားသည်။

“မင်း အခုပြောလိုက်တဲ့စကားကို ငါ အသိအမှတ်ပြုတယ် မင်းခ။ မင်းဆန္ဒကို ငါတို့လိုက်နာမယ်။ ဖုန်းဝင်း . . . မင်းကော”

ဖုန်းဝင်းက . . .

“ငါလည်း နှမ မပေးချင်ဘူး။ ပေးမယ်ဆိုရင်လည်း အဲဒီ့မြင်ကွင်းကို ငါမမြင်ချင်ဘူး”

သူငယ်ချင်းသုံးယောက် လက်ဝါးချင်းရိုက်လိုက်ကြသည်။ ဒီနေ့ ညစားသော ထမင်းကြော်ပန်းကန်ထဲတွင် ငရုတ်သီးစိမ်းနှင့် ပဲပြုတ်တွေကို အခါတိုင်းထက်ပို၍ များပြားစွာ တွေ့မြင်လိုက်ရ၏။

*